**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

**နေပြည်တော်**

အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း၊ အဆင့်မြင့်စက္ကူစက်ရုံ(သာပေါင်း)မှ
ရောဝတီတိုင်းဒေသကြီး၊ လေ့တက်ကြီးကျေးရွာနှင့် ကွက်ပြင်ကျေးရွာအုပ်စုအနီး
တန်(၂၀၀) ပျော့ဖတ်စက်ရုံနှင့်  တန် (၅၀) အဆင့်မြင့် စက္ကူစက်ရုံအတွက်
ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်(EMP)၏

# ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်

**(Environmental Compliance Certificate-ECC)**

ရက်စွဲ။   ၂၀၂၃ ခုနှစ် ဇွန်လ ၂၆  ရက်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်
## (Environmental Compliance Certificate – ECC)

သက်သေခံလက်မှတ်အမှတ်။ ECC ( ၁၉၆ ) ရက်စွဲ။ ၂၀၂၃ ခုနှစ် ဇွန်လ ၂၆ ရက်

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၉/၂၀၁၂) နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်း (အမိန့်ကြော်ငြာစာအမှတ် ၆၁၆/၂၀၁၅) တို့အရ နောက်ဆက်တွဲ (က) တွင် ဖော်ပြထားသော အဆိုပြုစီမံကိန်းအား နောက်ဆက်တွဲ (ခ) ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်စေလျက် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate – ECC) ကို ထုတ်ပေးလိုက်သည်-

| | | |
|---|---|---|
| (က) | စီမံကိန်းအဆိုပြုသူ | - ဦးသိန်းဇော်ဦး<br>စက်ရုံမှူး<br>အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း |
| (ခ) | ဆက်သွယ်ရန် လိပ်စာ | - ရေဝတီတိုင်းဒေသကြီး၊ သာပေါင်းမြို့၊ လေ့ကြီးတက်ကျေးရွာ၊ အဆင့်မြင့်စက္ကူစက်ရုံ (သာပေါင်း)<br>09 5131761၊ Highgradepapermill.tb@gmail. com |
| (ဂ) | စီမံကိန်းအမျိုးအစား | - ပျော့ဖတ်နှင့်စက္ကူထုတ်လုပ်ခြင်းလုပ်ငန်း |
| (ဃ) | စီမံကိန်းကာလ | - အခွင့်အမိန့်ရအဖွဲ့အစည်းက ခွင့်ပြုသည့်ကာလ |
| (င) | စီမံကိန်း၏ အရွယ်အစား | - တန်(၂၀၀)ပျော့ဖတ်စက်ရုံနှင့် တန်(၅၀)အဆင့်မြင့် စက္ကူစက်ရုံ |
| (စ) | စီမံကိန်းတည်နေရာ | - ရေဝတီတိုင်းဒေသကြီး၊ သာပေါင်းမြို့နယ်၊ လေ့ကြီးတက်ကျေးရွာ၊ သာပေါင်း-ပုသိမ်ကားလမ်း အနီး |
| (ဆ) | ECC သက်တမ်း | - (၅)နှစ်<br>စတင်ထုတ်ပေးရက် - ၆-၂-၂၀၂၃<br>သက်တမ်းကုန်ဆုံးရက် - ၅-၂-၂၀၂၈ |
| (ဇ) | အတည်ပြုအစီရင်ခံစာ | - အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန၏ ၁၆-၁၂-၂၀၂၂ ရက်စွဲပါစာအမှတ်၊ ၁၅၀၆(နပဖ) ၂၀၂၂/ ၅၆၉/၁၀၁၇ |

**စည်းကမ်းချက်များသတ်မှတ်ခြင်း**

၂။ အောက်ဖော်ပြပါ ရည်ရွယ်ချက်များရရှိနိုင်ရေးအတွက် ဤသက်သေခံလက်မှတ်၏ နောက်ဆက်တွဲပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန် သတ်မှတ်ထားခြင်းဖြစ်ပါသည်-

(က) ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကို ကြိုတင်ကာကွယ်ရေး၊ အနိမ့်ဆုံးဖြစ်စေရေးနှင့် ထိခိုက်မှုများကို ပြန်လည်ကုစားရေး ဆောင်ရွက်ပေးရန်၊

(ခ) စီမံကိန်းအဆိုပြုသူ၏ စီမံကိန်းဆိုင်ရာ ကတိကဝတ်များနှင့် လိုက်နာထမ်းဆောင်ရမည့်တာဝန်များကို သတ်မှတ်ရန်၊

(ဂ) လက်ခံနိုင်သော ပတ်ဝန်းကျင်အရည်အသွေး ဖြစ်စေရေးအတွက် စံချိန်စံညွှန်းများနှင့် အရည်အသွေးတိုင်းတာရေးနည်းလမ်းများ သတ်မှတ်ရန်၊

(ဃ) စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အစီရင်ခံခြင်းတို့ကို ပုံမှန်ဆောင်ရွက်စေရန်၊

(င) စီမံကိန်းတွင် စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည့် ပတ်ဝန်းကျင်စီမံခန့်ခွဲရေး အစီအမံတစ်ရပ်ကို ရေးဆွဲဆောင်ရွက်ရန်။

၂၆.၈.၂၀၂၄

(လှမောင်သိန်း)
အမြဲတမ်းအတွင်းဝန်
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

နောက်ဆက်တွဲ(က)

**တန် (၂၀၀) ပျော့ဖတ်စက်ရုံနှင့် တန် (၅၀) အဆင့်မြင့်စက္ကူစက်ရုံ၏ စီမံကိန်းအကြောင်းအရာ**

၁။ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း၊ အဆင့်မြင့်စက္ကူစက်ရုံ (သာပေါင်း) ၏ ဧရာဝတီတိုင်းဒေသကြီး၊ လေ့တက်ကြီးကျေးရွာအုပ်စုနှင့် ကွက်ပြင်ကျေးရွာအုပ်စုအနီးတွင် တန် (၂၀၀) ပျော့ဖတ်စက်ရုံနှင့် တန် (၅၀) အဆင့်မြင့်စက္ကူစက်ရုံအတွက် အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန၏ ၁၆-၁၂-၂၀၂၂ ရက်စွဲပါစာအမှတ်၊ ၁၅၀၆(နပဖ) ၂၀၂၂/ ၅၆၇/၁၀၁၇ ဖြင့် တင်ပြခဲ့သည့် အပြီးသတ်ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ် (Environmental Compliance Certificate – ECC) ထုတ်ပေးခြင်းဖြစ်သည်။

၂။ **စီမံကိန်းအဆိုပြုသူ။** ဦးသိန်းဇော်ဦး၊ စက်ရုံမှူး၊ အဆင့်မြင့်စက္ကူစက်ရုံ (သာပေါင်း)၊ လေ့ကြီးတက်ကျေးရွာ၊ သာပေါင်းမြို့၊ 09 5131761၊ email- Highgradepapermill.tb@gmail. com ဖြစ်ပါသည်။


၃။ **စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့်။** အဆိုပြုစီမံကိန်းတွင် ထုတ်လုပ်မှုလုပ်ငန်းစဉ်အနေဖြင့် ကုန်ကြမ်းပြုပြင်ခြင်း၊ ပျော့ဖတ်ချက်လုပ်ခြင်း၊ ရေဆေးဇကာချခြင်း၊ အရောင်ချွတ်ခြင်း၊ ပျော့ဖတ်ချပ်ထုတ်လုပ်ခြင်း၊ ဖြတ်တောက်ခြင်း၊ ထုတ်ပိုးခြင်းနှင့် သိုလှောင်ခြင်းတို့ဖြစ်ပြီး စက္ကူထုတ်လုပ်ပုံအဆင့်ဆင့်အနေဖြင့် အရောင်ချွတ်ပြီး ပျော့ဖတ်များကို လိုအပ်သည့် ဓာတုပစ္စည်းများနှင့် အချိုးကျရောစပ်ပြီး ထုတ်လုပ်ကြောင်း၊ တစ်ရက်လျှင် ပျော့ဖတ်ချပ် တန် (၂၀၀) နှင့် အဆင့်မြင့်စက္ကူ တန် (၅၀) ထုတ်လုပ်ပြီး တစ်နှစ်လျှင် အရောင်ချွတ်ပြီး ပျော့ဖတ်တန် (၆၀၀၀၀) နှင့် အဆင့်မြင့်စက္ကူတန် (၁၅၀၀၀) ထုတ်လုပ်ကြောင်း၊ အရောင်ချွတ်ပြီး ဝါး၊ ပျော့ဖတ်များနှင့် အဆင့်မြင့်စက္ကူ (Culture Paper) များကို သစ်သား Pallet ခုံများခံပြီး မိုးလုံလေလုံဂိုဒေါင်များတွင် သိုလှောင်ဖြန့်ဖြူး ရောင်းချကြောင်း ဖော်ပြထားပါသည်။

၄။ **အသုံးပြုကုန်ကြမ်းပစ္စည်းများ။** ကုန်ကြမ်းအသုံးပြုမှုအနေဖြင့် ဝါးကုန်ကြမ်းများကို သာပေါင်းမြို့နယ်၊ ရေကြည်မြို့နယ်၊ လေးမျက်နှာမြို့နယ်၊ ငပုတောမြို့နယ်၊ ဂွမြို့နယ်နှင့် ငါးသိုင်းချောင်းမြို့နယ်များရှိ နိုင်ငံတော်ပိုင် သစ်တောမှလည်းကောင်း၊ စက်ရုံပိုင်ဝါးစိုက်ခင်းများ စိုက်ပျိုး၍လည်းကောင်း ရယူသုံးစွဲပြီး နေလှန်းဆားအား ဖျာပုံမြို့နယ်၊ ဒေးဒလူကျေးရွာအုပ်စု၊ ရွှေထီးဆားကွင်းနှင့် လပွတ္တာမြို့နယ် သဃ်န်းကလေးဆားကွင်းမှ လည်းကောင်း ရယူသုံးစွဲကြောင်း၊ ထုံးကျောက်ကို ကရင်ပြည်နယ် မာလာဖူးထုံးကျောက်တောင်မှ တရားဝင်ထုတ်ယူသုံးစွဲပြီး အခြားဆက်စပ်ဓာတုပစ္စည်းများကို တင်ဒါစနစ်ဖြင့် ဝယ်ယူသုံးစွဲကြောင်း၊ ရေအသုံးပြုမှုအနေဖြင့် စက်ရုံတွင်ကုန်ထုတ်လုပ်ရန်နှင့် တာဘိုင်များ လည်ပတ်ရန်အတွက် ရေအရင်းအမြစ်ကို ငဝန်မြစ်မှ ရယူသုံးစွဲကြောင်း၊ ဝန်ထမ်းအိမ်ရာများအတွက် ရေပေးဝေရန် တစ်ရက်လျှင် ရေဂါလံ (၀.၅၅) သန်းခန့်သုံးစွဲကြောင်း၊ လျှပ်စစ်အသုံးပြုမှုအနေဖြင့် မြန်မာ့လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းနှင့်

အသုတ်ခာတ်အားခွဲရုံမှ ရယူကြောင်းနှင့် ဝန်ထမ်းအင်အား (၂၇၄၅) ဦးခန့်ဖြင့် လုပ်ငန်း ဆောင်ရွက်လျက်ရှိကြောင်း ဖော်ပြထားပါသည်။

၅။ **စီမံကိန်းတည်နေရာ။** ရောဝတီတိုင်းဒေသကြီး၊ လေ့တကက်ကြီးကျေးရွာအုပ်စုနှင့် ကွက်ပြင်ကျေးရွာအုပ်စုအနီးတွင် တည်ရှိပါသည်။

## အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း၊ အဆင့်မြင့်စက္ကူစက်ရုံ(သာပေါင်း) ၏ တန်(၂၀၀)ပျော့ဖတ်စက်ရုံနှင့် တန်(၅၀)အဆင့်မြင့် စက္ကူစက်ရုံ၏တည်နေရာပြမြေပုံ




# တန် (၂၀၀) ပျော့ဖတ်စက်ရုံ၏ ပျော့ဖတ်ထုတ်လုပ်ခြင်းလုပ်ငန်းစဉ် အဆင့်ဆင့်ပြပုံ

## ပျော့ဖတ်ချက်လုပ်ခြင်းနှင့် ရေဆေးဇကာချခြင်းလုပ်ငန်းစဉ်ပြပုံ

**PULPING PLANT FLOW DIAGRAM**

**COOKING , WASHING & SCREENING**




**Cooking Section**


| | |
|---|---|
| Digester Diameter | 11 Ft |
| Digester Height | 55 Ft |
| Digester Volume | $135 m^3$ |
| Chip Content | 45 T(40 % moisture) |
| Max: Temp: | 165 C |
| Cooking Time | 6:00 hrs |
| Cooking Liq. usage | 4.8 t(as $Na_2O$) |
| | 6.0 t(as $NaOH$) |
| Brown Stock Hardness | 24± 3 Kappa |
| Brown Stock Yield | 46 % |
| Blow Tank Diameter | 21 Ft |
| Blow Tank High | 64 Ft |
| Blow Tank Volume | $500 m^3$ |

**Washing & Screening**

| | |
|---|---|
| Vaccum Washer area | $60 m^2$ |
| Vaccum Washer | 4 Nos |
| Vaccum Washer Diameter | 11 Ft |
| Vaccum Washer Length | 16 Ft |
| $MgSO_4$ dosage | 0.5 % |

# Oxygen Delignification နှင့် အရောင်ချွတ်ခြင်းလုပ်ငန်းစဉ်ပြပုံ

## OXYGEN DELIGNIFICATION & BLEACHING




### Oxygen Delignification

| | |
|---|---|
| Vacuum Washer Area | 55 $m^2$ |
| Pulp Consistency | 10–12% |
| Temperature | 100 C |
| time | 60 min |
| NaOH dosage | 1.8 % |
| NaOH Conc | 100 g/l |
| Oxygen dosage | 0.5 % |
| after O2 deligni | |
| Kappa No | 13 ± 2 |

**(a) C/D Stage**

| | |
|---|---|
| Pulp Consistency | 10-11% |
| Temperature | 40 C |
| time | 60 min |
| $ClO_2$ dosage | 0.69 % |
| $ClO_2$ conc | 100 g/l |
| $Cl_2$ dosage | 1.81 % |
| $Na_2S_2O_3$ dosage | 0.3 % |
| PH | 1.5-2.5 |
| Vacuum Washer Area 50 $m^2$ | |

### Bleaching


**(b) E/O Stage**

| | |
|---|---|
| Pulp Consistency | 10-11% |
| Temperature | 70 C |
| time | 120 min |
| NaOH dosage | 1.5 % |
| $O_2$ dosage | 0.5 % |
| PH | 10.5-11.5 |
| Vaccum Washer Area 50 $m^2$ | |


**(c) D Stage**

| | | |
|---|---|---|
| Pulp Consistency | 10-11 | % |
| Temperature | 75 | C |
| time | 240 | min |
| $ClO_2$ dosage | 0.92 | % |
| NaOH dosage | 0.3 | % |
| PH | 4.5-5.5 % | |
| $Na_2S_2O_3$ dosage | 0.2-0.6 % | |
| Brightness | 85 | % GE |
| Vaccam Washer Area | 50 $m^2$ | |
| Bleached Tower Volume | 1500 | $m^3$ |


# ပျော့ဖတ်ထုတ်လုပ်ခြင်းလုပ်ငန်းစဉ်ပြပုံ




# တန် (၅၀) အဆင့်မြင့်စက္ကူစက်ရုံထုတ်လုပ်ခြင်းလုပ်ငန်းစဉ်အဆင့်ဆင့် ပျော့ဖတ်ပြုပြင်ခြင်းလုပ်ငန်းစဉ်ပြပုံ




# ပျော့ဖတ်နန်းဆွဲခြင်း၊ ပျော့ဖတ်ဖိနှိပ်ခြင်းနှင့် အခြောက်ခံခြင်းလုပ်ငန်းစဉ်ပြပုံ



# Calendar, Profilometer, Reeler လုပ်ငန်းစဉ်ပြပုံ



## စွန့်ပစ်ရေပြန်လည်သန့်စင်သည့် စက်ရုံပြပုံ



နောက်ဆက်တွဲ(ခ)

**ကတိကဝတ်များ၊ စည်းကမ်းသတ်မှတ်ချက်များနှင့် အထွေထွေစည်းကမ်းများ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ လိုက်နာဆောင်ရွက်ရမည့်ကတိကဝတ်များ**

၆။ စီမံကိန်းအဆိုပြုသူက ရောဝတီတိုင်းဒေသကြီး၊ လေ့တက်ကြီးကျေးရွာအုပ်စုနှင့် ကွက်ပြင်ကျေးရွာအုပ်စုအနီးတွင် တန် (၂၀၀) ပျော့ဖတ်စက်ရုံနှင့် တန် (၅၀) အဆင့်မြင့် စက္ကူစက်ရုံအတွက် အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန၏ ၁၆-၁၂-၂၀၂၂ ရက်စွဲပါစာအမှတ်၊ ၁၅၀၆(နပဖ) ၂၀၂၂/ ၅၆၇/၁၀၁၇ ဖြင့်တင်ပြခဲ့သည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် အောက်ပါကတိကဝတ်များကို လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်း။** စီမံကိန်းအဆိုပြုသူအနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့် စီမံကိန်းနှင့်သက်ဆိုင်သည့် အခြားဥပဒေ၊ နည်းဥပဒေများ၊ မူဝါဒများကို လိုက်နာရမည်။

(ခ) **စီမံကိန်းဆောင်ရွက်မည့်နည်းစဉ်။** အဆိုပြုစီမံကိန်းတွင် ထုတ်လုပ်မှုလုပ်ငန်းစဉ်အနေဖြင့် ကုန်ကြမ်းပြုပြင်ခြင်း၊ ပျော့ဖတ်ချက်လုပ်ခြင်း၊ ရေဆေးဇကာချခြင်း၊ အရောင်ချွတ်ခြင်း၊ ပျော့ဖတ်ချပ် ထုတ်လုပ်ခြင်း၊ ဖြတ်တောက်ခြင်း၊ ထုတ်ပိုးခြင်းနှင့် သိုလှောင်ခြင်းတို့ဖြစ်ပြီး စက္ကူထုတ်လုပ်ပုံအဆင့်ဆင့်အနေဖြင့် အရောင်ချွတ်ပြီး ပျော့ဖတ်များကို လိုအပ်သည့် ဓာတုပစ္စည်းများနှင့် အချိုးကျရောစပ်ပြီး ထုတ်လုပ်ကြောင်း၊ တစ်ရက်လျှင် ပျော့ဖတ်ချပ် တန် (၂၀၀) နှင့် အဆင့်မြင့်စက္ကူ တန် (၅၀) ထုတ်လုပ်ပြီး တစ်နှစ်လျှင် အရောင်ချွတ်ပြီး ပျော့ဖတ်တန် (၆၀၀၀၀) နှင့် အဆင့်မြင့်စက္ကူတန် (၁၅၀၀၀) ထုတ်လုပ်ကြောင်း၊ အရောင်ချွတ်ပြီး ဝါး၊ ပျော့ဖတ်များနှင့် အဆင့်မြင့်စက္ကူ (Culture Paper) များကို သစ်သား Pallet ခုံများခံပြီး မိုးလုံလေလုံဂိုဒေါင်များတွင် သိုလှောင်ဖြန့်ဖြူး ရောင်းချကြောင်း ဖော်ပြထားပါသည်။

(ဂ) **လေထုအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်းလိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းစက်ရုံအတွက် ဘွိုင်လာအခေါင်းတိုင်မှ အမှုန်အမွှားထွက်ရှိမှုကို လျှော့ချရန်အတွက် မီးခိုးခေါင်းတိုင်တွင် Electrostatic Precipitator (EP) အမှုန်ဖမ်းစက်များ တပ်ဆင်ထားရန်နှင့် မီးခိုးခေါင်းတိုင်၏ အမြင့်အား မီတာ (၆၀) ထားရှိရန်၊

(၂) စက်ရုံအတွင်းရှိ လမ်းများပေါ်တွင် ရေဖြန်းခြင်းအား ဆောင်ရွက်သွားရန်နှင့် ကုန်ကြမ်း၊ ကုန်ချော သယ်ယူပို့ဆောင်သော ယာဉ်များကို စနစ်တကျ စီမံ

ခန့်ခွဲခြင်းဖြင့် ထွက်ရှိလာသော ဓာတ်ငွေ့များနှင့် အနံ့အငွေ့များကို လျော့ပါးစေရန်၊

(၃) မီးခိုးခေါင်းတိုင်မှ ထုတ်လွှတ်သော အခိုးအငွေ့နှင့် စက်ရုံအတွင်း Indoor Air Quailty ကို စောင့်ကြပ်ကြည့်ရှုမည်ဖြစ်ကြောင်းနှင့် ပတ်ဝန်းကျင် လေထုအရည်အသွေးအား တစ်နှစ်လျှင် နှစ်ကြိမ် စောင့်ကြပ်ကြည့်ရှုရန်။

(ဃ) **ဆူညံသံစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စက်ရုံတွင် ဆူညံသံထွက်ပေါ်နိုင်သော High Pressure Steam Line များတွင် Silencer များတပ်ဆင်ရန်၊

(၂) ဆူညံမှုများသောနေရာတွင် တာဝန်ထမ်းဆောင်သော ဝန်ထမ်းများအတွက် နား အကာအကွယ်ပစ္စည်းများ (Ear Plug)များ ထုတ်ပေးထားပြီး အနားယူချိန်များကိုလည်း စနစ်တကျ စီစဉ်ပေးထားရန်၊

(၃) အသုံးပြုသော စက်ပစ္စည်းများ၏ ကြံ့ခိုင်အောင်ဆောင်ရွက်ပြီး စက်ကိရိယာအစိတ်အပိုင်းများအသစ် လဲလှယ်တပ်ဆင်ရန်၊ မောင်းနှင်လည်ပတ်နေသော စက်ကိရိယာများ၏ လည်ပတ်နှုန်း၊ ရိုက်ခတ်နှုန်း၊ ထုတ်လုပ်မှုနှုန်းတို့ကို ကန့်သတ်၍ တုန်ခါသော Mixer စက်များအတွက် ကန့်သတ်ကိရိယာများ၊ အသံဒဏ်ခံ (Shock Absorber) များ တပ်ဆင်သုံးစွဲအသုံးပြုရန်၊

(၄) ဆူညံသည့်နေရာများတွင်ဝန်ထမ်းများအားတာဝန်ခွဲဝေချထားဆောင်ရွက်ရန်၊

(၅) လုပ်ငန်းခွင်တွင် ဆောင်ရွက်နေသော ဝန်ထမ်းများ၏ ကျန်းမာရေးအခြေအနေများကို စစ်ဆေးအကဲဖြတ်ခြင်းအား ဆောင်ရွက်ရန်နှင့် နှစ်စဉ် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၏ လုပ်ငန်းခွင်ပတ်ဝန်းကျင် အခြေအနေများကို တိုင်းတာစစ်ဆေးခြင်းကိုခံယူ၍ အကြံပေးချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။

(င) **စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အမှိုက်စို/ အမှိုက်ခြောက်များကို ခွဲခြားစွန့်ပစ်၍ သတ်မှတ်ထားသော အမှိုက်ပုံးများကို အသုံးပြုရန်နှင့် ကတ်ထူစက္ကူများကို ပြန်လည်အသုံးချနိုင်ရန် အတွက် ဆောင်ရွက်ရန်၊

(၂) စီမံကိန်းမှ ထွက်ရှိလာသော Lime Mud များကို မော်တော်ယာဉ်များဖြင့် သယ်ယူပြီး စက်ရုံပြင်ပ (စက်ရုံပိုင်ဝန်းအတွင်း) ရှိ လျှိုဖြစ်နေသော နေရာများအား ရေကန်အဖြစ် ပြုလုပ်ပြီး ရေကန်အတွင်းသို့ စွန့်ပစ်သွားရန်။

(စ) **စွန့်ပစ်အရည် စီမံခန့်ခွဲမှု။** တစ်ဖက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စက်ရုံထုတ်လုပ်မှုနည်းစဉ်မှ ထွက်ရှိလာသော စွန့်ပစ်ရေများကို စက်ရုံမှ စွန့်ပစ်ရေသန့်စင်ရေးဌာနသို့ ပို့လွှတ်သန့်စင်ရန်၊

(၂) ပျော့ဖတ်ချက်လုပ်ရာမှ ထွက်ရှိသော စွန့်ပစ်ရေများမှာ BOD, COD ပါဝင်မှု ပမာဏများပြားသောကြောင့် ပြင်ပသို့ တိုက်ရိုက်မစွန့်ဘဲ Effluent Treatment Plant ထားရှိပြီး စနစ်တကျသန့်စင်ပြီးမှ စွန့်ပစ်ရန်၊

(၃) စွန့်ပစ်အရည်များကို တစ်နေ့လျှင် တစ်ကြိမ် ဓာတ်ခွဲစောင့်ကြပ်ကြည့်ရှုပြီးမှ ဝေန်မြစ် အတွင်းသို့ စွန့်ထုတ်ရန်၊

(၄) စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်ကို စက်ရုံ၏ လုပ်ငန်းလည်ပတ်စဉ် ကာလ တစ်လျှောက်လုံး စောင့်ကြပ်ကြည့်ရှုရန်။

(ဆ) **လုပ်ငန်းခွင်ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေးအစီအစဉ်။** အောက်ပါ အတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဘေးအန္တရာယ်ရှိ ပစ္စည်းများအား ကိုင်တွယ်နည်း၊ သုံးစွဲနည်း၊ သယ်ယူပို့ဆောင်နည်း၊ သိုလှောင်နည်း၊ စွန့်ပစ်နည်း စသည့်အစီအစဉ်များကို ရေးဆွဲထားရန်၊

(၂) အလင်းရောင်ရရှိမှုနှင့်ပတ်သက်၍ Reflector များတပ်ဆင်ရန်၊ ဆူညံသံနှင့် ပတ်သက်၍ ဝန်ထမ်းများအား PPE များတပ်ဆင်ရန်၊

(၃) လုပ်သားများအား တစ်ကိုယ်ရေ အကာအကွယ်ပစ္စည်း (PPE) များကို အသုံးပြုရန်၊

(၄) ရှေးဦးသူနာပြုစုခြင်းနှင့်ပတ်သက်၍ အသိပညာပေးခြင်းတို့ ဆောင်ရွက်ရန်၊

(၅) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် ဝန်ထမ်းများကို သင်တန်း များပေးခြင်း၊ လေ့ကျင့်သင်ကြားပေးခြင်းတို့ ဆောင်ရွက်ရန်။

(ဇ) **အရေးပေါ်တုံ့ပြန်မှုစီမံခန့်ခွဲမှုအစီအစဉ်။** အရေးပေါ်အခြေအနေတုန့်ပြန်ရေး အစီအစဉ်နှင့်စပ်လျဉ်း၍ မီးဘေးလုံခြုံရေးစီမံချက်များ ရေးဆွဲထားခြင်း၊ အရေးပေါ် တုံ့ပြန်ရေးအစီအစဉ်များအား လေ့ကျင့်ထားခြင်း၊ လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေး အသိပညာပေးခြင်း၊ အရေးပေါ်ထွက်ပေါက်များ ထားရှိခြင်းတို့ ဆောင်ရွက်ရမည်။

(ဈ) **စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်။** စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်နှင့်စပ်လျဉ်း ၍ တစ်ဖက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေးအား Indoor နှင့် Outdoor ဟူ၍ ခွဲခြားထားပြီး Outdoor ($PM_{10}$, $PM_{2.5}$, VOC, Odour) နှင့် Indoor ($PM_{10}$, $PM_{2.5}$, $CO_2$, $SO_2$, NO, $NO_2$ and $O_3$) တို့အား (၁)နှစ်လျှင်(၁)ကြိမ် တိုင်းတာစစ်ဆေးရန်၊

(၂) ဆူညံသံအား မီးစက်ခန်း၊ လုပ်ငန်းဆောင်ရွက်သည့် ဧရိယာ (စက်ချုပ်လိုင်း) နှင့် အလုပ်ခွင်အတွင်းတို့တွင် (၁) နှစ်လျှင် (၂) ကြိမ် တိုင်းတာ စစ်ဆေးရန်၊

(၃) စွန့်ပစ်ရေအား စောင့်ကြပ်မည့်နေရာ စွန့်ပစ်ရေဆိုးသန့်စင်ကန်ရှိ ရေဆိုး အဝင်နေရာနှင့် စွန့်ပစ်ရေများ ပြင်ပသို့ စတင်စွန့်ထုတ်သည့်နေရာတို့တွင် (pH, BOD, COD, TN, TP, TSS, Oil and Grease) တို့အား (၁) နှစ်လျှင် (၂) ကြိမ် စောင့်ကြပ်ကြည့်ရှု စစ်ဆေးရန်၊

(၄) စွန့်ပစ်ပစ္စည်းများအား လုပ်ငန်းဧရိယာတွင် အမှိုက်သိမ်းခြင်း၊ သန့်ရှင်းရေးနှင့် ပြုပြင်ထိန်းသိမ်းခြင်း၊ ပြန်လည်အသုံးပြုနိုင်သော ပစ္စည်းများအား ပြန်လည် ရောင်းချခြင်းတို့ကို နေ့စဉ်၊ အပတ်စဉ်နှင့် လစဉ် စောင့်ကြပ်ကြည့်ရှုစစ်ဆေးရန်၊

(၅) လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးစီမံခန့်ခွဲမှုအစီအစဉ်အတွက် လုပ်ငန်းခွင် ကာကွယ်ရေးပစ္စည်းအမျိုးအစားနှင့် အရေအတွက်၊ ကျန်းမာရေး အထောက်အပံ့၊ သတိပေးဆိုင်းဘုတ်များတပ်ဆင်ခြင်း၊ သင်တန်းပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အထောက်အပံ့တို့ကို နေ့စဉ်၊ လစဉ် ဆောင်ရွက်သွားရန်၊

(၆) မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ဆေးဘူးများ၊ မီးလောင်လွယ်သော ပစ္စည်းများကို စစ်ဆေးခြင်း၊ ကြိုတင်သင်တန်းပေး လေ့ကျင့်မှုများကိုလစဉ်ဆောင်ရွက်ပြီးစောင့်ကြပ်ကြည့်ရှုရန်။

(ည) **တာဝန်ယူဆောင်ရွက်မည့်အဖွဲ့အစည်းများ။** ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ်နှင့် အရေးပေါ်အခြေအနေတုံ့ပြန်ရေးအစီအစဉ်များ အတွက် တာဝန်ယူဆောင်ရွက်မည့်အဖွဲ့အစည်းအား အစီရင်ခံစာ၌ဖော်ပြထားသည့် အတိုင်း ဖွဲ့စည်းဆောင်ရွက်ရမည်။

(ဋ) **အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်း။** အများပြည်သူနှင့် တိုင်ပင်ဆွေးနွေး ခြင်းကို စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နေစဉ်အတွင်း စီမံကိန်းအနီး ဝန်းကျင်ရှိဒေသခံများနှင့် စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ဆန္ဒနှင့် သဘောထားများကို ညှိနှိုင်းဆောင်ရွက်ရမည်။

(ဠ) **လျာထားအသုံးစရိတ်။** ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် အသုံးပြုမည့် လျာထားအသုံးစရိတ်အား အောက်ပါအတိုင်းဆောင်ရွက်ရန်နှင့် လုံလောက်မှုမရှိပါက ထပ်မံဖြည့်တင်းဆောင်ရွက်ရမည်-

(၁) လေအရည်အသွေးအား Indoor နှင့် Outdoor စောင့်ကြပ်ကြည့်ရှုမှု အစီအစဉ် အတွက် ရန်ပုံငွေကျပ် (၁၅) သိန်း လျာထားဆောင်ရွက်ရန်၊

(၂) ရေအရည်အသွေး စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်အတွက် ရန်ပုံငွေကျပ် (၆)သိန်း လျာထားဆောင်ရွက်ရန်၊

(၃) ဆူညံသံအား စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်အတွက် ရန်ပုံငွေကျပ် (၁၀) သိန်း လျာထား ဆောင်ရွက်ရန်၊

(၄) စွန့်ပစ်ရေအား Water Quality Monitoring အတွက် ရန်ပုံငွေကျပ် (၅) သိန်း လျာထားဆောင်ရွက်ရန်၊

(၅) စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုအစီအစဉ်အတွက် ရန်ပုံငွေကျပ် (၂) သိန်းလျာထား ဆောင်ရွက်ရန်၊

(၆) ကျန်းမာရေးဆိုင်ရာ ဒေသဖွံ့ဖြိုးရေးအစီအစဉ်အတွက် ရန်ပုံငွေကျပ် (၅) သိန်း လျာထားဆောင်ရွက်ရန်၊

(၇) လူမှုစီးပွားအခြေအနေများ ဆောင်ရွက်ရန်အတွက် ရန်ပုံငွေကျပ် (၅) သိန်း လျာထားဆောင်ရွက်ရန်၊

(၈) မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ရန်ပုံငွေ (၁၅၀,၀၀၀) ကျပ် လျာထားဆောင်ရွက်ရန်။

(ဍ) **လုပ်ငန်းပိတ်သိမ်းခြင်း။** စက်ရုံပိတ်သိမ်းခြင်းကို ဆက်စပ်ဌာနဆိုင်ရာများ၏ ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှင့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ ပိတ်သိမ်းခြင်း မဆောင်ရွက်မီ တစ်လကြိုတင်၍ ပိတ်သိမ်းမည့်အစီအစဉ်ကိုတင်ပြရမည်။

**ပတ်ဝန်းကျင်နှင့်လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းသတ်မှတ်ချက်များ**

၇။ စီမံကိန်းအဆိုပြုသူသည် အထက်အပိုဒ် (၆) တွင် ဖော်ပြထားသော ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်အရ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကတိကဝတ်များအပြင် အောက်ဖော်ပြပါ စည်းကမ်းချက်များ၊ သတ်မှတ်ချက်များကိုလည်း အပြည့်အဝလိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်ပါ စည်းကမ်းသတ်မှတ်ချက်များ။** အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှု ဆိုင်ရာ

မူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာမဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းစဉ် (၂၀၁၈-၂၀၃၀) မြန်မာနိုင်ငံအမျိုးသား အဆင့်စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ် (၂၀၂၀) တို့နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာမဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းအစီအစဉ်နှင့်အညီ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ရေကြီးခြင်း၊ မြေပြိုခြင်း၊ လျှောင်လှုပ်ခြင်းကဲ့သို့သော ဘေးအန္တရာယ်များအတွက် အစီအမံများရေးဆွဲ၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန်၊

(၂) စီမံကိန်းမှထွက်ရှိလာမည့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ၊ မိလ္လာအညစ်အကြေးများ၊ ဓာတုဗေဒစွန့်ပစ်ပစ္စည်းများနှင့် စက်မှုလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအား စနစ်တကျစွန့်ပစ်ရန်နှင့် လဟာပြင်မီးရှို့မှု ပပျောက်ရေးဆောင်ရွက်ရန်၊

(၃) စွန့်ပစ်ပစ္စည်းများအား သက်ဆိုင်ရာက စွန့်ပစ်ပစ္စည်းစုပုံစွန့်ပစ်ရန် သတ်မှတ်ထားသည့်နေရာများတွင် ဘေးအန္တရာယ်ကင်းရှင်းစွာ စွန့်ပစ်ဆောင်ရွက်ရန်၊

(၄) စွန့်ပစ်ပစ္စည်းများအား သိမ်းဆည်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ စွန့်ပစ်ခြင်းတို့နှင့်ပတ်သက်၍ ပြန့်ကျဲထွက်ကျမှု၊ အနံ့အသက်ဆိုးများထွက်ရှိမှု၊ ဆူညံမှု၊ တုန်ခါမှုတို့မရှိစေရေး လိုက်နာဆောင်ရွက်ရန်၊

(၅) စီမံကိန်းမှထွက်ရှိသော စွန့်ပစ်ပစ္စည်းနှင့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ စီမံဆောင်ရွက်ထားရှိမှုကို စောင့်ကြပ်ကြည့်ရှုစစ်ဆေးနိုင်ရေးအတွက် စွန့်ပစ်ပစ္စည်းဆိုင်ရာ မှတ်တမ်းပုံစံထားရှိဆောင်ရွက်ရန်၊

(၆) ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် စက်မှုလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအတွက် ပတ်ဝန်းကျင်နှင့်သဟဇာတဖြစ်စေသော စီမံခန့်ခွဲမှုစနစ်ကို တိုးမြှင့်ဆောင်ရွက်ရန်၊

(၇) စီမံကိန်းမှထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများနှင့်ပတ်သက်၍ ထွက်ရှိမှုလျှော့ချခြင်း၊ ပြန်လည်သုံးစွဲခြင်း၊ ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်းဖြင့် စွန့်ပစ်ပစ္စည်းထွက်ရှိမှုများကို ကာကွယ်ဆောင်ရွက်ရန်၊

(၈) စီမံကိန်းမှထွက်ရှိလာမည့်စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုအတွက်အစဉ် လည်ပတ်နေသည့် ရန်ပုံငွေထားရှိဆောင်ရွက်ရန်။

(ခ) **စံချိန်စံညွှန်းစည်းကမ်းသတ်မှတ်ချက်များ။** စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေး၊ ဆူညံသံ၊ အလုပ်စခန်းများ၊ မိလ္လာစနစ်များ၊ အိမ်တွင်း ရေဆိုးများနှင့်စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၊ အထွေထွေလမ်းညွှန်ချက်ပါ အပိုဒ်(၁.၁) သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၂) စွန့်ပစ်ရေအရည်အသွေးနှင့်ပတ်သက်၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု)လမ်းညွှန်ချက်များ၊ အပိုဒ်(၁.၂)ပါ သတ်မှတ်ချက် နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၃) ဆူညံသံအတွက် စီမံကိန်းဧရိယာပြင်ပရှိ အနီးဆုံးလက်ခံသည့်နေရာတွင် အခြေခံအဆင့်မှ အများဆုံးမြင့်တက်မှု ၃ dBA ထက် မကျော်လွန်စေရေး လိုက်နာဆောင်ရွက်ရန်၊

(၄) ဝါးများကို ဝါးဖြတ်စ ဌာနစိတ်တွင် Conveyor ပေါ်မှ တစ်ဆင့် Bamboo Washer တွင် ဆေးကြောခြင်းမှ စွန့်ပစ်ရေ၊ ဇကာရေဆေးဌာနမှ ထွက်ရှိလာ သော စွန့်ပစ်ရေ၊ ပျော့ဖတ်ချက်လုပ်ခြင်းဌာနမှ ပျော့ဖတ်များ ရေဆေးခြင်းမှ စွန့်ပစ်ရေ၊ အရောင်ချွတ်ခြင်းမှ ထွက်ရှိသော စွန့်ပစ်ရေဆိုးစသည်တို့ကို နံနံပင်ကုန်းချောင်းမှ တစ်ဆင့် ဝေန်မြစ်အတွင်း စွန့်ပစ်ရာတွင် NEQEG အပိုဒ် ၂.၃.၃.၃ ပါ စွန့်ထုတ်ရည် သတ်မှတ်ချက်အတိုင်း တိုင်းတာစောင့်ကြည့်ပြီး မှ စွန့်ပစ်ရန်။

(ဂ) **ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** ဇီဝမျိုးစုံမျိုးကွဲ စီမံခန့်ခွဲမှုအစီအစဉ်နှင့်စပ်လျဉ်း၍ အလုပ်သမားများမှ တောရိုင်းတိရစ္ဆာန်များအား ဖမ်းဆီးခြင်း၊ ဝယ်ယူခြင်းနှင့် တရားမဝင်သစ်ခုတ်ခြင်းများမရှိစေရေး ကြပ်မတ် ဆောင်ရွက်ရမည်။

(ဃ) **ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်း သတ်မှတ်ချက်များ။** ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေး ဆိုင်ရာ စည်းကမ်းချက်များနှင့်စပ်လျဉ်း၍ စီမံကိန်းလုပ်ငန်းကြောင့် ထိခိုက်ခံစားရမည့် ဒေသခံများအတွက် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်ခန့်ထားခြင်း၊ ရေရှည်လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက် စေရေးတို့ကို ဆောင်ရွက်ပေးရန်နှင့် ဝန်ထမ်းများ၏ကျန်းမာရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းရေးတို့ကို ဆောင်ရွက်ရမည်။

(င) **ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းအဆိုပြုသူသည် ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးခြင်းလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည်-

(၁) ဘေးအန္တရာယ်ရှိလုပ်ငန်းများအပါအဝင် တည်ဆောက်ရေးလုပ်ငန်းများနှင့် ဆောင်ရွက်မည့်လုပ်ငန်းများကို ဒေသခံပြည်သူများသို့ ကြိုတင်အသိပေး ဆောင်ရွက်ရန်၊

(၂) တည်ဆောက်ရေးကာလအတွင်း ယာဉ်သွားလာမှုလမ်းကြောင်းများ၊ ယာဉ်သွားလာမှုကြောင့် ဖြစ်နိုင်သောအနှောက်အယှက်များ၊ ပတ်ဝန်းကျင်သာယာမှုအပေါ် ထိခိုက်မှုများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဒေသခံများသို့ ကြိုတင်အသိပေးရန်၊

(၃) ဒေသခံပြည်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ ပူးပေါင်းပါဝင်စေခြင်း၊ နစ်နာမှုဖြေရှင်းရေးလုပ်ငန်းစဉ်များကို လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားရန်။

(စ) **အစီရင်ခံတင်ပြခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်များ၊ စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များ ဖြစ်ပွားပါက ဝန်ကြီးဌာနသို့ နှောင့်နှေးမှုမရှိစေဘဲ အစီရင်ခံတင်ပြရမည်-

(၁) ပစ္စည်းကိရိယာများ သို့မဟုတ် နည်းစနစ်များ မှားယွင်းအလုပ်လုပ်ခြင်း၊ ပျက်စီးခြင်း သို့မဟုတ် အလုပ်မလုပ်တော့ခြင်း၊

(၂) သိသာထင်ရှားသောညစ်ညမ်းမှုဖြစ်ပေါ်စေခဲ့သော သို့မဟုတ် ဖြစ်ပေါ်နေစေသော သို့မဟုတ် ဖြစ်ပေါ်စေနိုင်သော မတော်တဆမှုတစ်ခုဖြစ်ပွားခြင်း သို့မဟုတ် ထုတ်လွှတ်မှု ကန့်သတ်တန်ဖိုးဖြင့် ထိန်းချုပ်ထားခြင်းမရှိသည့် အရာဝတ္ထုတစ်ခုထုတ်လွှတ်ခြင်း၊

(၃) သတ်မှတ်ဖော်ပြထားသည့် ကန့်သတ်တန်ဖိုးတစ်ခုခုကို ကျော်လွန်ခြင်း၊

(၄) ပတ်ဝန်းကျင်နှင့်သက်ရှိတို့၏ ကျန်းမာရေးတို့အပေါ် သိသာထင်ရှားသော ဆိုးကျိုးသက်ရောက်မှုများဖြစ်ပေါ်ခြင်း၊

(၅) စီမံကိန်းအဆိုပြုသူသည် ယင်း၏တာဝန်များပျက်ကွက်မှု သို့မဟုတ် အခြားလုပ်ငန်းများဆောင်ရွက်ရန်ပျက်ကွက်မှု သို့မဟုတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်နှင့်ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုများကို ဖြစ်နိုင်သမျှ

ဆောလျင်စွာ ဝန်ကြီးဌာနသို့ စာဖြင့်အသိပေးတင်ပြရမည်။ ပျက်ကွက်မှု တစ်ရပ်ရပ်ကြောင့် အန္တရာယ်ဖြစ်စေနိုင်သော ပတ်ဝန်းကျင်အပေါ် သက်ရောက်မှု ဖြစ်လာနိုင်သည့် အကြောင်းကိစ္စရပ် သို့မဟုတ် ဝန်ကြီးဌာနက အမြန်သိရှိရန် လိုအပ်သည့် အကြောင်းကိစ္စရပ်ကို (၂၄) နာရီအတွင်း လည်းကောင်း၊ အခြား အကြောင်းကိစ္စရပ်များအားလုံးတွင် စီမံကိန်းအဆိုပြုသူက ယင်းဖြစ်စဉ်ဖြစ်ရပ်ကို စတင်သိရှိသည့်အချိန်မှ (၇) ရက်အတွင်း လည်းကောင်း ဝန်ကြီးဌာနသို့ အသိပေးတင်ပြရန်၊

(၆) စီမံကိန်း၏အရွယ်အစား၊ နယ်ပယ်အတိုင်းအတာ၊ တည်နေရာ၊ အခင်းအကျင်း၊ နည်းပညာ၊ ကြိုတင်မျှော်မှန်းနိုင်သော ဆိုးကျိုးသက်ရောက်မှုကြောင့် ဖြစ်လာသည့်အန္တရာယ်၊ ထုတ်လုပ်မှုနည်းလမ်း သို့မဟုတ် ညစ်ညမ်းမှုတို့ကို တားဆီးရန် သို့မဟုတ် လျှော့ချရန်ဆောင်ရွက်မှုတို့တွင် အဓိကပြောင်းလဲခြင်း သို့မဟုတ် တိုးချဲ့ခြင်း သို့မဟုတ် ဒုတိယတိုးချဲ့ဆောင်ရွက်ရန် အဆိုပြုခြင်း ဖြစ်ပါက စီမံကိန်းအဆိုပြုသူသည်သတ်မှတ်ထားသောအချိန်ဇယားအတွင်းပြောင်းလဲမှု များ၏ သတင်းအချက်အလက်များနှင့်အတူ ဝန်ကြီးဌာနသို့ တင်ပြရန်၊

(၇) စီမံကိန်းဧရိယာအတွင်းတွင် မမျှော်လင့်သော ဘေးအန္တရာယ်များကြောင့် လည်းကောင်း၊ ပတ်ဝန်းကျင်နှင့် လူမှုရေးအခြေအနေ ပြောင်းလဲမှုများကြောင့် လည်းကောင်း၊ ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်မှုများအပေါ် မူတည်၍ သက်ဆိုင်ရာ ကဏ္ဍအလိုက် စီမံခန့်ခွဲမှုအစီအစဉ်များအား ဝန်ကြီးဌာနသို့ ပြန်လည်တင်ပြရန်၊

(၈) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာတင်ပြရာတွင် အောက်ပါအချက်များ ပြည့်စုံစွာတင်ပြရမည်-

(ကက) စည်းကမ်းချက်များအားလုံးကို လိုက်နာကြောင်း သက်သေခံစာရွက်စာတမ်းအထောက်အထားများ၊

(ခခ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်မှုအတွက် တင်ပြထားသည့် အကောင်အထည်ဖော်မှုဇယားအတိုင်း ဆောင်ရွက်ရာတွင် အစီရင်ခံသည့်အချိန်အထိတိုးတက်မှု၊

(ဂဂ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသော အခက်အခဲများ၊ ယင်းအခက်အခဲများကို ကုစားရန် အကြံပြုချက်များနှင့် အလားတူအခက်အခဲများ၊ အနာဂတ်တွင် တွေ့ကြုံရနိုင်မှုကို တားဆီးကာကွယ်ရန် သို့မဟုတ် ရှောင်လွှဲရန် အဆိုပြုသည့် ဆောင်ရွက်မှုများ၊

၂၂

(ဃဃ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို လိုက်နာဆောင်ရွက်ရန်ပျက်ကွက်သည့်အကြိမ်နှင့် အမျိုးအစား၊ အဆိုပြုသည့် ကုစားမှု ဆောင်ရွက်ချက်များနှင့် ကုစားမှုပြီးမြောက်ရမည့် အချိန်သတ်မှတ်ချက်များ၊

(ငင) လုပ်ငန်းခွင်နှင့် လူမှုအဖွဲ့အစည်း၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်နှင့်စပ်လျဉ်း၍ ဖြစ်ပွားသောမတော်တဆမှုများနှင့် ဖြစ်စဉ်ဖြစ်ရပ်များ၊

(စစ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရသတ်မှတ်ထားသည့် သို့မဟုတ် အခြားလိုအပ်သည့် ပတ်ဝန်းကျင်ဆိုင်ရာအတိုင်းအတာနှင့် စည်းကမ်းချက်များဆိုင်ရာအချက်အလက်များအားစောင့်ကြပ်ကြည့်ရှုမှု။

(ဇ) စီမံကိန်းအဆိုပြုသူသည် တည်ဆောက်ရေးအဆင့်လုပ်ငန်းများ ဆောင်ရွက်ပြီးနောက်တွင် စီမံကိန်း၏ လုပ်ငန်းခွင်ပြမြေပုံများ၊ လုပ်သားနေရာထိုင်ခင်းစီမံချက်များ၊ တည်ဆောက်ရေးလုပ်ငန်းကို ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့်အညီဆောင်ရွက်ခဲ့ကြောင်းအထောက်အထားများပါဝင်သည့် စီမံကိန်း၏ အပြီးသတ်လုပ်ငန်း အစီအစဉ်များကို ကနဦးတင်ပြမည့်စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့်ပူးတွဲ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြရန်၊

(ဆ) **ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။**
စီမံကိန်းဆောင်ရွက်မည့်နေရာဒေသများတွင် မြေပေါ်/ မြေအောက်ရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်နှင့် သက်ဆိုင်သည့် အထောက်အထားများ၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ၊ ရှေးဟောင်းအဆောက်အအုံများတွေ့ရှိပါက ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာနသို့ ချက်ချင်းဆက်သွယ်သတင်းပို့ အကြောင်းကြားရမည်။

(ဇ) **လူမှုတာဝန်သိအစီအစဉ် (CSR) ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** လူမှုတာဝန်သိအစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများအား လက်ရှိသို့မဟုတ် စီမံကိန်းမဆောင်ရွက်မီကာလထက် မနိမ့်ကျသော လူမှုစီးပွားရေးတည်ငြိမ်ခိုင်မာမှုရရှိသည်အထိဆောင်ရွက်ပေးရန်နှင့်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်တည်ထောင်ရေးနှင့် ပြန်လည်နေရာချထားရေးအစီအစဉ်များကို စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများ၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ အခြားသက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေး၍ လိုအပ်သလိုပံ့ပိုးနိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊

(၂) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ (Community Development Plan) ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသရှိ ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး

၃၁

စီမံကိန်း (Township Development Plans) များနှင့် ချိတ်ဆက်ဆောင်ရွက်ရန်နှင့် စီမံကိန်းအနီးရှိဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏အကြံပြုချက်နှင့် လိုအပ်ချက်များအား အလေးထားပေါင်းစပ်ဆောင်ရွက်ရန်။

(ဈ) **အများပြည်သူသိရှိနိုင်ရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းအဆိုပြုသူသည် အတည်ပြုထားသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို စီမံကိန်းနှင့် ဆက်စပ်ပတ်သက်သူများနှင့် အများပြည်သူများသိရှိနိုင်ရေးအတွက် မြန်မာဘာသာဖြင့် ရေးသားဖော်ပြထားသော အကျဉ်းချုပ်အစီရင်ခံစာနှင့် လိုက်နာဆောင်ရွက်မည့် ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာ ကတိကဝတ်များအား ဖြန့်ဝေအသိပေးထုတ်ဖော်ကြေညာရမည်။

(ည) **စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်ဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် သက်ဆိုင်ရာအခွင့်အမိန့်ရအဖွဲ့အစည်းထံမှ စာဖြင့်ခွင့်ပြုချက်ကို လက်ခံရရှိသည့်အခါ အကြိုတည်ဆောက်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်စဲခြင်း၊ လုပ်ငန်းပိတ်သိမ်းခြင်း၊ လုပ်ငန်းပိတ်သိမ်းပြီးကာလဟူသည့် စီမံကိန်းအဆင့်အားလုံးတွင် ဆိုးကျိုးသက်ရောက်မှုအားလုံးအတွက် စီမံကိန်းနှင့်ဆက်စပ်ဆောင်ရွက်မှုများအပေါ် မိမိကိုယ်မိမိဘက်စုံစောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းကို လက်တွေ့စဉ်ဆက်မပြတ် ဆောင်ရွက်ရမည့်အပြင် သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် စံချိန်စံညွှန်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်ပါ စည်းကမ်းသတ်မှတ်ချက်များနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ ကတိကဝတ်များကိုလိုက်နာဆောင်ရွက်ရန်၊

(၂) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်တွင် သတ်မှတ်ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရမည်။ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရာမှ ရရှိသောရလဒ်များကို မှတ်တမ်းတင်ထိန်းသိမ်းထားရမည်။ ယင်းမှတ်တမ်းများတွင် နမူနာစုဆောင်းရယူခြင်းနှင့် ဓာတ်ခွဲဆန်းစစ်ခြင်းရလဒ်များ၊ ကိရိယာဖြင့်တိုင်းတာချက်များ၊ ချိန်ညှိတွက်ချက်ခြင်းများ (Calibrations)၊ စစ်ဆေးခြင်းများ၊ စမ်းသပ်ခြင်းနှင့် စာရင်း

ကောက်ခြင်း၊ အချက်အလက်အခြေခံအဖြစ်အသုံးပြုသည့် ဆန်းစစ်လေ့လာမှုများစသည်တို့ပါဝင်ရမည်။ မှတ်တမ်းများအားလုံးသည် ဖတ်ရှုနိုင်ရမည်ဖြစ်ပြီး ကြောင်းကျိုးညီညွတ်စွာဖြင့် အသုံးချနိုင်ရမည်။ ပြင်ဆင်ဖြည့်စွက်မှုများရှိပါက မူရင်းမှတ်တမ်းနှင့် ပြင်ဆင်ဖြည့်စွက်ထားသော မှတ်တမ်းနှစ်မျိုးလုံးကို ဖတ်ရှုနိုင်သည့် သို့မဟုတ် ပြန်လည်ဖော်ဆောင်ရယူနိုင်သည့်နည်းလမ်းဖြင့် ပြင်ဆင်ဖြည့်စွက်ရမည်။ ဝန်ကြီးဌာနမှစာဖြင့် သီးခြားရေးသားသဘောတူထားခြင်းမရှိပါက မှတ်တမ်းများအားလုံးကို ထိန်းသိမ်းထားရန်၊

(၃) စောင့်ကြပ်ကြည့်ရှုမည့်နယ်ပယ် (ရေ၊ လေ၊ ဆူညံသံ) များ၊ နည်းစနစ်များ၊ နမူနာစုဆောင်းခြင်းနှင့် ဓာတ်ခွဲစမ်းသပ်ခြင်း၊ စောင့်ကြပ်တိုင်းတာမည့် နေရာ၊ အကြိမ်အရေအတွက်၊ အချိန်ဇယား၊ မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်းစသည်တို့ကိုရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပြီး သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ (၆) လ တစ်ကြိမ် တင်ပြရန်နှင့် အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနသို့တင်ပြသည့်နေ့ရက်မှ (၁၀)ရက်အတွင်း ထုတ်ဖော်ကြေညာရန်၊

(၄) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် ကုစားပြင်ဆင်ရေးလုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လိုက်နာဆောင်ရွက်ရန်နှင့် စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်တွင် ဖော်ပြထားသည့် ကတိကဝတ်အတိုင်း လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၅) စီမံကိန်းအဆိုပြုသူသည် စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား ဤဝန်ကြီးဌာနသို့ တင်ပြသည့်နေ့ရက်မှ (၁၀) ရက်အတွင်း အမျိုးသားလုံခြုံရေးဆိုင်ရာကိစ္စရပ်များမှတစ်ပါး အများပြည်သူသိရှိနိုင်ရန် စီမံကိန်း၏ဝက်ဘ်ဆိုဒ်တွင်လည်းကောင်း၊ စာကြည့်တိုက်များ၊ ပြည်သူ့ခန်းမများစသည့် အများပြည်သူစုဝေးရာနေရာများတွင်လည်းကောင်း၊ စီမံကိန်းရုံးဌာနများတွင် လည်းကောင်း အများပြည်သူသိရှိနိုင်စေရန် တင်ပြရမည်။ မည်သည့်အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်မဆို စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ၏ ဒီဂျီတယ်မိတ္တူကို တောင်းခံနိုင်ပြီး စီမံကိန်းအဆိုပြုသူသည် ယင်းတောင်းခံချက်ကိုရရှိပြီးနောက်(၁၀)ရက်အတွင်း ဒီဂျီတယ်မိတ္တူကိုအီးမေးလ်ဖြင့်ဖြစ်စေ၊ တောင်းခံသူနှင့် သဘောတူညီထားသည့် အခြားနည်းလမ်းဖြင့်ဖြစ်စေ ပေးပို့ဆောင်ရွက်ရန်၊

(၆) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းလုပ်ငန်းများ သို့မဟုတ် စီမံကိန်းနှင့်ဆက်စပ်သည့်လုပ်ငန်းများကို ဆောင်ရွက်နေသည့် စီမံကိန်းရုံး၊ စီမံကိန်းလုပ်ငန်းခွင်နေရာနှင့် အခြားမည်သည့်နေရာကိုမဆို ဝန်ကြီးဌာနမှဖြစ်စေ၊

ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ ပုံမှန်အလုပ်ချိန်အတွင်း မည်သည့်အချိန်တွင်မဆို ဝင်ရောက်ကြည့်ရှုနိုင်ရေးခွင့်ပြုရန်၊

(ဂ) အရေးပေါ်အခြေအနေတစ်ရပ် ဖြစ်ပေါ်လျှင်သော်လည်းကောင်း၊ စီမံကိန်းသည် သက်ဆိုင်ရာပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ သတ်မှတ်ချက်များအား ချိုးဖောက်သည် သို့မဟုတ် ချိုးဖောက်နိုင်ဖွယ်ရှိသည်ဟု ဝန်ကြီးဌာနက ထင်မြင်ယူဆလျှင်သော်လည်းကောင်း၊ ဝန်ကြီးဌာနက သတ်မှတ်သည့် မည်သည့်အချိန်တွင်မဆို စီမံကိန်းလုပ်ငန်းခွင်ရှိ မည်သည့်နေရာမဆို ချက်ချင်း ဝင်ရောက်နိုင်ရေးခွင့်ပြုရန်၊

(ဃ) စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနကစစ်ဆေးခြင်းကို ဆောင်ရွက်ရန် လိုအပ်သည့် ဓာတ်ပုံရိုက်ကူးခြင်း၊ အသံသွင်းခြင်း၊ ဗီဒီယိုရိုက်ကူးခြင်း၊ မြေသား၊ နုန်းအနည်အနှစ်၊ ရေနှင့်လေနမူနာများရယူခြင်းနှင့် ကွန်ပျူတာများကိုစစ်ဆေးခြင်း၊ ဒီဂျီတယ်စာတွဲများအပါအဝင် စာရွက်စာတမ်းအထောက်အထားများကို မိတ္တူကူးခြင်း၊ လူပုဂ္ဂိုလ်များကို တွေ့ဆုံမေးမြန်းခြင်းနှင့် လိုအပ်သည်ဟုယူဆသည့် အခြားစုံစမ်းစစ်ဆေးခြင်းအပါအဝင် မည်သည့်နည်းလမ်းဖြင့်မဆို စစ်ဆေးဆောင်ရွက်ခြင်းကို လိုက်နာဆောင်ရွက်ရန်၊

(င) ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ ပတ်ဝန်းကျင်စစ်ဆေးသည့် ကုန်ကျစရိတ်များ၊ စစ်ဆေးသူများအတွက် ကုန်ကျစရိတ်များကျခံခြင်းနှင့်ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် ၁၂၂ နှင့်အညီ စီမံကိန်း အဆိုပြုသူမှကျခံရန်။

**သက်သေခံလက်မှတ်ဆိုင်ရာစည်းကမ်းချက်များ**

၈။ သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များနှင့်ပတ်သက်၍ အောက်ပါအချက်တို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်သက်တမ်းသည် ထုတ်ပေးသည့်နေ့ရက်မှစ၍ (၅)နှစ် ဖြစ်သည်။ စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်သက်တမ်းမကုန်ဆုံးမီ (၆) လ ကြိုတင်၍ သက်တမ်းတိုးရန် ဝန်ကြီးဌာနသို့ လျှောက်ထားရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် သက်သေခံလက်မှတ်ရရှိပြီး ပထမ (၂) နှစ်အတွင်း စီမံကိန်း၏အကောင်အထည်ဖော်မှုကို စတင်ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ခြင်းကို စတင်ဆောင်ရွက်သည့်နေ့မှ ရက်ပေါင်း (၃၀) ထက် နောက်မကျစေဘဲ ဤဦးစီးဌာန

သို့ စာဖြင့်သတင်းပို့ အကြောင်းကြားရမည့်အပြင် စီမံကိန်းကို အကောင်အထည်ဖော်ရာတွင်ပါဝင်သော ဆောင်ရွက်မှုများကို သတ်မှတ်ဖော်ပြရန်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအကောင်အထည်ဖော်မှုကို မည်သည့်အတွက်ကြောင့်စတင်နိုင်ခြင်းမရှိကြောင်းနှင့် စတင်အကောင်အထည်ဖော်နိုင်ရန် အချိန်ကာလမည်မျှလိုအပ်ကြောင်းကို အကျိုးအကြောင်းဖော်ပြ၍ ထိုလိုအပ်သည့်ကာလအတွက် အချိန်တိုးပေးရန်တင်ပြချက်အရ ဝန်ကြီးဌာနက အချိန်တိုးပေးသည့်ကိစ္စမှတစ်ပါးပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်ရရှိပြီး (၂) နှစ်အတွင်း စီမံကိန်းကိုထိရောက်စွာ အကောင်အထည်ဖော်မှုအား စတင်ဆောင်ရွက်ခြင်းမပြုလျှင်ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကိုအသစ်ပြုလုပ်တင်ပြရန်၊

(ဃ) စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောက်ပါအချက်များတွေ့ရှိရပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို ဝန်ကြီးဌာနမှပြင်ဆင်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို ပြန်လည်ပြင်ဆင်စေပြီးတင်ပြရန် ညွှန်ကြားပါက စီမံကိန်းအဆိုပြုသူက လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းကြောင့် အမှန်တကယ်ထိခိုက်မှု သို့မဟုတ် ထိခိုက်နိုင်မှုများကို လျှော့ချရန် ဆောင်ရွက်မှုများသည် ပြည့်စုံမှုမရှိခြင်း သို့မဟုတ် လုံလောက်မှုမရှိခြင်း၊

(၂) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် မည်ကဲ့သို့ ထိခိုက်မှုဖြစ်စေကြောင်း သို့မဟုတ် ဖြစ်စေနိုင်ကြောင်း သို့မဟုတ် ဖြစ်လာကြောင်းသိရှိနိုင်ရန် သတင်းအချက်အလက်သစ်များ ထွက်ပေါ်လာခြင်း၊

(၃) စီမံကိန်းသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) ကို မူလအတည်ပြုခဲ့သည့်အချိန်မှကြိုတင်သိမြင်နိုင်ခြင်းမရှိသောဆိုးကျိုးသက်ရောက်မှုများရှိခြင်း၊

(၄) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP)၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် စည်းကမ်းချက်များထုတ်ပေးခြင်း၊ ပြင်ဆင်ခြင်း၊ တင်သွင်းခြင်းနှင့်အတည်ပြုခြင်းများအတွက်အခြေခံအချက်များထုတ်ဖော်ခဲ့စဉ်က မျှော်မှန်းထားသည့် ထိခိုက်မှုထက် ပိုမိုကြီးမားခြင်း၊

(၅) အကောင်းဆုံးရရှိနိုင်သော နည်းလမ်းအစီပွာယ်ဖွင့်ဆိုချက်အရ စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုကို ထူးခြားစွာလျှော့ချနိုင်ခြင်း၊

(၆) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများကို စီမံကိန်းတွင် စီးပွားရေးအရ သိသိသာသာ အပိုကုန်ကျစရိတ်မဖြစ်စေဘဲ အလေ့အကျင့်ကောင်းများဖြင့် လျှော့ချနိုင်ခြင်း၊

(၇) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်တွင် သတ်မှတ်ထားသော နည်းလမ်းများ/ စည်းကမ်းချက်များသည် ဆိုးကျိုးသက်ရောက်မှုများကို လျှော့ချရာတွင် မလိုအပ်တော့ဟု ဆုံးဖြတ်နိုင်ခြင်း။

၉။ **ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေဆိုင်ရာစည်းကမ်းချက်များ။** ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ရန်ပုံငွေနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ ၃၀ နှင့်အညီ ညစ်ညမ်းမှု (ထုတ်လွှတ်မှု၊ စွန့်ပစ်ပစ္စည်း) ဖြစ်စေခြင်းအတွက် ပေးဆောင်ငွေများ၊ သယံဇာတအသုံးပြုမှုနှင့် ဂေဟစနစ်ဝန်ဆောင်မှုများမှ အကျိုးရရှိခြင်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေတွင် ပေးဆောင်ငွေများအဖြစ်ထည့်ဝင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏အတည်ပြုချက်ဖြင့် ဤဝန်ကြီးဌာနကသတ်မှတ်ပါက စီမံကိန်းအဆိုပြုသူမှ ငွေကြေးထည့်ဝင်ရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် ငွေရေးကြေးရေး အာမခံချက်များအားလုံးကို ဝန်ကြီးဌာနမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် သတ်မှတ်/ ပြင်ဆင်တောင်းခံပါကထည့်ဝင်ရန်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အစီရင်ခံစာတွင် ဖော်ပြထားသည့်အတိုင်း ရန်ပုံငွေထူထောင်ထားရှိရန်၊

(ဃ) စီမံကိန်းအဆိုပြုသူအနေဖြင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) ပါ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများအတွက် ထည့်သွင်းဖော်ပြထားသည့် လျာထားအသုံးစရိတ်များနှင့်ပတ်သက်၍ သီးခြားငွေစာရင်းဖွင့်လှစ်ထားသော အထောက်အထားအချက်အလက်ဖြင့် ထည့်သွင်းဖော်ပြရန်။

**အထွေထွေစည်းကမ်းချက်များ**

၁၀။ စီမံကိန်းအဆိုပြုသူသည် စီမံကိန်းဒီဇိုင်းနှင့် စီမံကိန်းလုပ်ငန်းများကို ပြင်ဆင်ရန်ရှိပါက ဝန်ကြီးဌာနသို့ ကြိုတင်အသိပေးတင်ပြရမည်။

၁၁။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ဤလက်မှတ်ပါလုပ်ငန်းနှင့်သာ သက်ဆိုင်စေရမည်။

၁၂။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး စီမံကိန်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုမိန့်မှာ သက်ဆိုင်ရာဌာန၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရန်ဖြစ်သည်။ စီမံကိန်းသက်တမ်းအတွင်း စစ်ဆေးမှုပြုလုပ်ချိန်တွင် ခွင့်ပြုမိန့်စာရွက်စာတမ်း အထောက်အထားများအားလုံးကို တင်ပြရမည်။

၁၃။ စီမံကိန်းပိုင်ရှင်နှင့် အဆိုပြုထားသောလွှဲပြောင်းလက်ခံသူတို့၏ ပူးပေါင်းလျှောက်ထားချက်အရ ဤသက်သေခံလက်မှတ် သို့မဟုတ် ယင်း၏အစိတ်အပိုင်းတစ်ရပ်ရပ်ကို အဆိုပြုထားသော လွှဲပြောင်းလက်ခံသူထံ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိပြီးမှသာ လွှဲပြောင်းရမည်။

၁၄။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အပိုဒ် ၁၀၂ အရ စီမံကိန်း အဆိုပြုသူသည် မိမိကိုယ်တိုင်ကြောင့်ဖြစ်စေ မိမိကိုယ်စားဆောင်ရွက်ရန် ခန့်ထားခြင်း သို့မဟုတ် ငှားရမ်းခြင်း သို့မဟုတ် အခွင့်အာဏာပေးခြင်းပြုထားသည့် ကန်ထရိုက်တာ၊ လက်ခွဲဆောင်ရွက်ပေးသူ ဆပ်ကန်ထရိုက်တာ၊ အရာရှိ၊ အလုပ်သမား၊ ကိုယ်စားလှယ် သို့မဟုတ် အတိုင်ပင်ခံများ၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်ဖြစ်စေ ပေါ်ပေါက်သည့် ဆိုးကျိုးသက်ရောက်မှုများအားလုံးတို့အတွက် တာဝန်ရှိသည်။

၁၅။ စီမံကိန်းအဆိုပြုသူသည် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာမှုမရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူခြင်းခံရမည်။

---